# မန္တလေးတိုင်းဒေသကြီးလွှတ်တော်

# မန္တလေးတိုင်းဒေသကြီးတူးမြောင်းဆိုင်ရာဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | နိဒါန်း | | ၁ | - |
| ၂ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၄ |
| ၃ | အခန်း(၂) | ရည်ရွယ်ချက်များ | ၄ | - |
| ၄ | အခန်း(၃) | တူးမြောင်းဆိုင်ရာကြီးကြပ်မှုကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း | ၅ | ၇ |
| ၅ | အခန်း(၄) | အများပြည်သူအကျိုးငှာ ရေကိုအသုံးပြုရေး | ၇ | ၈ |
| ၆ | အခန်း(၅) | လုပ်ငန်းများတည်ဆောက်ခြင်းနှင့်ထိန်းသိမ်းခြင်း | ၈ | ၁၆ |
| ၇ | အခန်း(၆) | ရေပေးသွင်းခြင်း | ၁၇ | - |
| ၈ | အခန်း(၇) | ရေခွန်နှုန်းများ | ၁၇ | ၁၈ |
| ၉ | အခန်း(၈) | ကျေးရွာတူးမြောင်းနှင့် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ | ၁၈ | ၁၉ |
| ၁၀ | အခန်း(၉) | ရေနုတ်မြောင်း | ၁၉ | ၂၀ |
| ၁၁ | အခန်း(၁၀) | တူးမြောင်းနှင့် ရေနုတ်မြောင်းလုပ်ငန်းတို့အတွက် အရေးပေါ်လုပ်အားရရှိရေး | ၂၀ | ၂၁ |
| ၁၂ | အခန်း(၁၁) | တားမြစ်ချက်များ | ၂၂ | ၂၃ |
| ၁၃ | အခန်း(၁၂) | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၂၃ | - |
| ၁၄ | အခန်း(၁၃) | အထွေထွေ | ၂၃ | ၂၄ |

# မန္တလေးတိုင်းဒေသကြီးတူးမြောင်းဆိုင်ရာဥပဒေ

(၂၀၁၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**နိဒါန်း**

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးအတွင်း အများပြည်သူ အကျိုးငှာ စိုက်ပျိုးရေကိုစနစ်တကျ သုံးစွဲရေးနှင့် တူးမြောင်းများကို စနစ်တကျ ထိန်းသိမ်း နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီးတူးမြောင်းဆိုင်ရာဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မန္တလေးတိုင်းဒေသကြီး တစ်ဝန်းလုံး တွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ကို ဆိုသည်။

(င) **တိုင်းဒေသကြီးကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီးတူးမြောင်းဆိုင်ရာ ကြီးကြပ်မှု ကော်မတီကို ဆိုသည်။

(စ) **ခရိုင်ကော်မတီ** ဆိုသည်မှာ ခရိုင်တူးမြောင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဆ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ မြို့နယ်တူးမြောင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကိုဆိုသည်။

(ဇ) **ရပ်ကွက်/ကျေးရွာအုပ်စုကော်မတီ** ဆိုသည်မှာ ရပ်ကွက်/ကျေးရွာအုပ်စု တူးမြောင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဈ) **ဌာန** ဆိုသည်မှာ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန သို့မဟုတ် တိုင်းဒေသကြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနကို ဆိုသည်။

(ည) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး သို့မဟုတ် တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးကို ဆိုသည်။

(ဋ) **ခရိုင်ဦးစီးဌာနမှူး** ဆိုသည်မှာ ခရိုင်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တူးမြောင်းလုပ်ငန်းများကို ကြီးကြပ်အုပ်ချုပ်ရသည့် ဆည်မြောင်းဦးစီးဌာန သို့မဟုတ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး သို့မဟုတ် အဆိုပါတာဝန်ထမ်းဆောင်ရသော အရာရှိကို ဆိုသည်။

(ဌ) **မြို့နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ မြို့နယ်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တူးမြောင်းလုပ်ငန်းများကို ကြီးကြပ်အုပ်ချုပ်ရသည့် ဆည်မြောင်းဦးစီးဌာန သို့မဟုတ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဦးစီးအရာရှိ သို့မဟုတ် အဆိုပါတာဝန်ထမ်းဆောင်ရသောသူကို ဆိုသည်။

(ဍ) **ရေခွန်ကြီးကြပ်မှုအဖွဲ့** ဆိုသည်မှာ အစိုးရအဖွဲ့က ဆည်ရေသောက် ဧရိယာများနှင့် ရေတင်လုပ်ငန်း ရေသောက်ဧရိယာများအတွင်း ရေခွန်ကောက်ခံရရှိရေးအတွက် ဖွဲ့စည်းပေးသောအဖွဲ့ကိုဆိုသည်။

(ဎ) **တူးမြောင်းဆိုင်ရာ** ဆိုသည်မှာ တူးမြောင်း၊ ကျေးရွာတူးမြောင်း၊ လယ်ကြားမြောင်း၊ ရေနုတ်မြောင်း၊ ရေနုတ်မြောင်းလုပ်ငန်း၊ ကျေးရွာရေနုတ်မြောင်း၊ ရေယာဉ်နှင့် ရေခွန်နှုန်းတို့ကို ဆိုသည်။

(၁) **တူးမြောင်း** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် -

(ကက) အစိုးရမှရေပေးရန် သို့မဟုတ် ရေသိုလှောင်ရန် တည်ဆောက်၍ ထိန်းသိမ်းထားသော သို့မဟုတ် ထိန်းကွပ်အုပ်ချုပ်ထားသော တူးမြောင်းများ၊ ရေစီးမြောင်းများ၊ ရေလွှဲဆည်များ၊ ရေလှောင်ဆည်များနှင့် ရေတင်စခန်းများအားလုံး၊

(ခခ) အပိုဒ်ခွဲ (ကက)ပါနှင့် ဆက်စပ်လျက်ရှိသည့် ရေသွင်းမြောင်းများ၊ ရေ ထုတ်မြောင်းများ၊ တာတမံများ၊ အဆောက်အအုံများအားလုံး၊

(ဂဂ) အဆိုပါတူးမြောင်းအတွက် နိုင်ငံတော်မှ သိမ်းယူထားသော မြေများနှင့် ယင်းမြေများပေါ်ရှိ နိုင်ငံပိုင်အဆောက်အအုံများ၊ စက်ကိရိယာများ၊ ခြံများ၊ ခြံတံခါးများနှင့် အခြားတည်ဆောက်မှု များ၊ သစ်ပင်များ၊ ကောက်ပဲသီးနှံများ၊ စိုက်ခင်းများ သို့မဟုတ် အခြားထွက်ကုန်များ၊

(ဃဃ) ဤပုဒ်မ၏ အပိုဒ်ခွဲ(၃)တွင် ရှင်းလင်းဖော်ပြသည့် လယ်ကြားမြောင်းအားလုံး၊

(ငင) အစိုးရမှ ဤဥပဒေအခန်း(၄)ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေသောမြစ်ချောင်း၊ ရေကန် သို့မဟုတ် သဘာဝရေအိုင်စု သို့မဟုတ် ရေနုတ်မြောင်း အစိတ်အပိုင်းတစ်ခုခု။

(၂) **ကျေးရွာတူးမြောင်း** ဆိုသည်မှာ ဤဥပဒေအလို့ငှာ ခရိုင်အုပ်ချုပ်ရေးမှူးမှ ကျေးရွာတူးမြောင်းဟု ကြေညာထားသော တူးမြောင်း၊ ရေစီးမြောင်း သို့မဟုတ် ရေလှောင်ကန်ကို ဆိုသည်။

(၃) **လယ်ကြားမြောင်း** ဆိုသည်မှာ တူးမြောင်းတစ်ခုခုမှ ရေပေးသွင်းထားသော ရေမြောင်းဖြစ်သော်လည်း နိုင်ငံတော်မှ ယင်းမြောင်းအတွက် အကုန်အကျခံထိန်းသိမ်းမှုမပြုသော မြောင်းတစ်ခုခုနှင့် ယင်းမြောင်းရှိ တစ်ဆင့်ခံလုပ်ငန်းအဆောက်အအုံအားလုံးကို ဆိုသည်။

(၄) **ရေနုတ်မြောင်း** ဆိုသည်မှာ တူးမြောင်းများမှ ရေပိုလွှဲမြောင်းများ၊ လယ်မြေများ ရေလွှမ်းမိုးမှုကာကွယ်ရေးအတွက် မြောင်းများ၊ ရေတိုက်စားမှု ကာကွယ်ရေးအတွက် ဆောင်ရွက်သည့် မြောင်းများကို ဆိုသည်။ သို့သော် မြို့များမှ အညစ်အကြေးစွန့်ပစ်မှုအတွက် အသုံးပြုသောမြောင်းများ မပါဝင်။

(၅) **ရေနုတ်မြောင်းလုပ်ငန်း** ဆိုသည်မှာ တူးမြောင်းများမှ ရေပိုလွှဲမြောင်းများ၊ လယ်မြေများရေလွှမ်းမိုးမှုကာကွယ်ရေး၊ ရေတိုက်စားမှုကာကွယ်ရေးအတွက် ရေလှောင်ဆည်၊ ရေလွှဲဆည်၊ တာတမံ၊ ရေတံခါး၊ ကတုတ်တန်းနှင့် အခြားလုပ်ငန်းများဖြစ်၍ အစိုးရမှ ထိန်းသိမ်းထားသောလုပ်ငန်းများကို ဆိုသည်။

(၆) **ကျေးရွာရေနုတ်မြောင်း** ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးမှ ကျေးရွာရေနုတ်မြောင်းဟု ကြေညာထားသည့် မည်သည့်ရေနုတ်မြောင်းကိုမဆို ဆိုသည်။

(၇) **ရေယာဉ်** ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေကြောင်းဖြင့်လူနှင့် ကုန်ပစ္စည်းများ တင်ဆောင်၍ တစ်နေရာမှတစ်နေရာသို့ သွားလာနိုင်သည့် အခြားယာဉ်အမျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်နှင့်ဝါးဖောင် များလည်း ပါဝင်သည်။

(၈) **ရေခွန်နှုန်း** ဆိုသည်မှာ တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်း သို့မဟုတ် ရေတင်စခန်းတို့မှ ရေရယူခြင်းတို့အတွက် စည်းကြပ်ရမည့်နှုန်းထားများကို ဆိုသည်။

(ဈ) **တူးမြောင်းနယ်နိမိတ်** ဆိုသည်မှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ် ထားသောနယ်နိမိတ် သို့မဟုတ် ဧရိယာအကျယ်အဝန်းကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တူးမြောင်းများ၏ တည်နေရာ၊ ဧရိယာအကျယ်အဝန်း၊ နယ်နိမိတ်တို့အား စနစ်တကျ သတ်မှတ်နိုင်ရန်နှင့် အဆိုပါဧရိယာများအတွက် စိုက်ပျိုးရေအသုံးချမှုများ စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန်၊

(ခ) တူးမြောင်းများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းနှင့် ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများအား စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်၊

(ဂ) ရေသယံဇာတအရင်းအမြစ်များ စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ရေကိုအလေအလွင့် နည်းပါးစွာနှင့်အထိရောက်ဆုံးဖြစ်စေမည့် ရေစီမံခန့်ခွဲမှုစနစ်ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူအားလုံး နားလည်သဘောပေါက် လိုက်နာလာ စေရန်အတွက် ဥပဒေဖြင့် ထိန်းကျောင်းရန်၊

(ဃ) နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် တူးမြောင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ ခြင်းကိုနားလည်သဘောပေါက်စေရန်နှင့် တူးမြောင်းမှ ရေကိုအသုံးပြု၍ စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများမှ စည်းကြပ်ရေခွန်များကို ပေးဆောင်ခြင်း ဖြင့် နိုင်ငံ့တာဝန်ကျေပွန်သူများဖြစ်စေရန်၊

(င) အများပြည်သူ၏အကျိုးငှာ စိုက်ပျိုးရေကိုစနစ်တကျသုံးစွဲရေးနှင့် တူးမြောင်းများကို စနစ်တကျထိန်းသိမ်းနိုင်ရန်အတွက် တောင်သူလယ်သမားများ ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

## အခန်း(၃)

## တူးမြောင်းဆိုင်ရာကြီးကြပ်မှုကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော တူးမြောင်းဆိုင်ရာကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းနိုင်သည်-

(က) တိုင်းဒေသကြီးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဝန်ကြီး | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီးဦးစီးဌာနမှူး | မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီးဦးစီးဌာနမှူး | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးဦးစီးဌာနမှူး | စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဦးစီးဌာနမှူး | ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးဦးစီးဌာနမှူး | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီးဦးစီးဌာနမှူး | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီးဦးစီးဌာနမှူး | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီးဦးစီးဌာနမှူး | ဆည်မြောင်းဦးစီးဌာန | အတွင်းရေးမှူး |
| (၁၁) | တိုင်းဒေသကြီးဦးစီးဌာနမှူး | ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရဖွဲ့စည်းသော တိုင်းဒေသကြီးကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ တိုင်းဒေသကြီးကော်မတီသည် အောက်ပါကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းနိုင်သည်-

(က) ခရိုင်ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ဦးစီးဌာနမှူး | မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးဌာနမှူး | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ခရိုင်ဦးစီးဌာနမှူး | စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးဌာနမှူး | ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ခရိုင်ဦးစီးဌာနမှူး | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၇) | ခရိုင်ဦးစီးဌာနမှူး | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ခရိုင်ဦးစီးဌာနမှူး | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ခရိုင်ဦးစီးဌာနမှူး | ဆည်မြောင်းဦးစီးဌာန | အတွင်းရေးမှူး |
| (၁၀) | ခရိုင်ဦးစီးဌာနမှူး | ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) မြို့နယ်ကော်မတီ

| | | | |
|---|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဦးစီးဌာနမှူး | မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးဌာနမှူး | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးဌာနမှူး | စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးဌာနမှူး | ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့နယ်ဦးစီးဌာနမှူး | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | မြို့နယ်ဦးစီးဌာနမှူး | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | မြို့နယ်ဦးစီးဌာနမှူး | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌ | မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၀) | ဥက္ကဋ္ဌ | မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီ | အဖွဲ့ဝင် |
| (၁၁) | မြို့နယ်ဦးစီးဌာနမှူး | ဆည်မြောင်းဦးစီးဌာန | အတွင်းရေးမှူး |
| (၁၂) | မြို့နယ်ဦးစီးဌာနမှူး | ရေအရင်းအမြစ်အသုံးချ ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဂ) ရပ်ကွက်/ကျေးရွာအုပ်စုကော်မတီ

| | | | |
|---|---|---|---|
| (၁) | အုပ်ချုပ်ရေးမှူး | ရပ်ကွက်/ကျေးရွာအုပ်စု | ဥက္ကဋ္ဌ |
| (၂) | ဥက္ကဋ္ဌ | ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြု ကော်မတီ | အဖွဲ့ဝင် |
| (၃) | ကိုယ်စားလှယ်(၁)ဦး | စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြေတိုင်းစာရေး | မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ် | တောင်သူလယ်သမား | အဖွဲ့ဝင် |

(၆) ရပ်ကွက်/ကျေးရွာ စာရေးဝန်ထမ်း — အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(၇) ကိုယ်စားလှယ်(၁)ဦး — ဆည်မြောင်း/ရေအရင်းအမြစ် အတွင်းရေးမှူး အသုံးချရေးဦးစီးဌာန

(ဃ) ပုဒ်မခွဲ(က)(ခ)(ဂ)အရ ဖွဲ့စည်းသော ကော်မတီအဆင့်ဆင့်ကို တိုင်းဒေသကြီး ကော်မတီကအခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အစိုးရအဖွဲ့က ပုဒ်မ ၄ နှင့် ၅ အရ ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို နည်းဥပဒေပြဋ္ဌာန်း၍သတ်မှတ်ရမည်။

## အခန်း(၄)

## အများပြည်သူအကျိုးငှာရေကို အသုံးပြုရေး

၇။ အများပြည်သူအကျိုးငှာ မြစ်တစ်ခုခု သို့မဟုတ် သဘာဝစီးဆင်းနေသော ချောင်း သို့မဟုတ် ရေကန် သို့မဟုတ် အခြားသဘာဝစုအိုင်နေသော ရေအိုင်စုမှ ရေကို တည်ရှိဆဲတူးမြောင်း သို့မဟုတ် ရည်ရွယ်ထားသည့် တူးမြောင်း သို့မဟုတ် ရေထုတ်မြောင်းအတွက် ပေးသွင်းရန် သို့မဟုတ် အသုံးပြုရန် သင့်လျော်လိုအပ်သည်ဟု အစိုးရအဖွဲ့က ထင်မြင်ယူဆလျှင် အဆိုပါရေကို ယင်းသို့ ပြုလုပ်အသုံးပြုမည့်အကြောင်းကို ယင်းအမိန့် ကြော်ငြာစာတွင် သတ်မှတ်ဖော်ပြသည့်နေ့ရက်မှ သုံးလထက်မစောစေဘဲ ထုတ်ဖော်ကြေညာနိုင်သည်။

၈။ ထိုသို့ သတ်မှတ်ဖော်ပြပြီးသောနေ့ နောက်ပိုင်း မည်သည့်အချိန်တွင်မဆို ဤကိစ္စနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ အမိန့်အရ မြို့နယ်ဦးစီးဌာနမှူးတစ်ဦးဦးသည် အမိန့်ကြော်ငြာစာပါ မည်သည့်နယ်မြေကိုမဆိုဝင်ရောက်၍ အတားအဆီးတို့ကို ဖယ်ရှားခြင်း၊ မြောင်းတစ်ခုခုကို ပိတ်ပစ်ခြင်းနှင့် ထိုရေကိုသင့်လျော်စွာအသုံးပြုရေးအတွက် လိုအပ်သောအခြားကိစ္စများကိုလည်း ဆောင်ရွက်နိုင်သည်။

၉။ အဆိုပါ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် လက်တွေ့ဆောင်ရွက်နိုင်မှုရှိလျှင်ရှိခြင်း ခရိုင် ကော်မတီက ယခင်ဖော်ပြထားသည့်အတိုင်း အသုံးချမည်ဟုရည်ရွယ်ကြောင်းနှင့် ပုဒ်မ ၈ တွင် ဖော်ပြထားသည့် ကိစ္စများနှင့်စပ်လျဉ်း၍နစ်နာသည်ဟု ယူဆသူက လျော်ကြေးတောင်းခံခြင်းကို မိမိထံတင်ပြနိုင်ကြောင်း သင့်လျော်သည့်နေရာတို့တွင် အများသိစေရန် ကြေညာရမည်။

၁၀။ အောက်ပါတို့ကြောင့် ဖြစ်ပေါ်လာသော အပျက်အစီးများအတွက် လျော်ကြေးမပေးရ-

(က) စိမ့်ရေနည်းခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းနှင့် ရေလွှမ်းမိုးခြင်း၊

(ခ) မြေနှင့် ရာသီဥတု ဆုတ်ယုတ်ခြင်း၊

(ဂ) ရေကြောင်းသွားလာမှု၊ သစ်မျှောမှုလုပ်ငန်းများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေ ရပ်ဆိုင်းမှု။

၁၁။ အောက်ဖော်ပြပါ ကိစ္စများအနက် ကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ လျော်ကြေးပေးရမည်-

(က) အမိန့်ကြော်ငြာစာပါ သတ်မှတ်ဖော်ပြသည့်နေ့ရက်တွင် အသုံးပြုလျက်ရှိသော မြေပေါ် သို့မဟုတ် မြေအောက်တွင် တူးထားသော ပီပီသသရှိသည့် မြောင်းတွင်းသို့ သဘာဝမြောင်းမှတစ်ဆင့် ရေပေးသွင်းခြင်း လျော့နည်းမှု သို့မဟုတ် ရပ်ဆိုင်းမှု၊

(ခ) အမိန့်ကြော်ငြာစာပါ သတ်မှတ်ဖော်ပြသည့်နေ့ရက်တွင် အသုံးပြုလျက်ရှိသော သဘာဝ သို့မဟုတ် ဖန်တီးထားသောမြောင်းတစ်ခုခုတွင် အကျိုးဖြစ်ထွန်းမှုအတွက် တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုခုကို ရေပေးသွင်းခြင်းအတွက် လျော့နည်းမှု သို့မဟုတ် ရပ်ဆိုင်းမှု၊

(ဂ) အမိန့်ကြော်ငြာစာပါ သတ်မှတ်ဖော်ပြသည့်နေ့ရက်မတိုင်မီ ငါးနှစ်အတွင်း ရေသွင်း စိုက်ပျိုးမှုအတွက် အသုံးပြုလျက်ရှိသော သဘာဝမြောင်းတစ်ခုခုမှ တစ်ဆင့်ရေပေး သွင်းခြင်း လျော့နည်းမှု သို့မဟုတ် ရပ်ဆိုင်းမှု၊

(ဃ) လူတစ်ဦးတစ်ယောက်ရပိုင်ခွင့်ရှိသော လယ်ကြားမြောင်း သို့မဟုတ် ရေအသုံးပြုရန် အခွင့်အရေးနှင့်စပ်လျဉ်း၍ ပျက်စီးစေမှု။

၁၂။ ခရိုင်ကော်မတီ၏ ကြော်ငြာသည့်ရက်မှ တစ်နှစ်အတွင်းသာ လျော်ကြေးတောင်းဆိုပိုင်ခွင့် ရှိပြီး တစ်နှစ်ထက်ကျော်လွန်ပါက လက်ခံစဉ်းစားခြင်း မပြုရ။

၁၃။ ခရိုင်ကော်မတီသည် လျော်ကြေးတောင်းဆိုမှုတစ်ခုခုအား စုံစမ်းစစ်ဆေး၍ တောင်းဆိုသူ အားလျော်ကြေးပေးသင့်ကြောင်း ပေါ်ပေါက်လျှင် ယင်းလျော်ကြေးပမာဏကို ဆုံးဖြတ်ရမည်။

## အခန်း(၅)

## လုပ်ငန်းများတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း

၁၄။ (က) ကြေညာထားသောမြစ်များ၊ ချောင်းများစသည်တို့တွင် ဆည်မြောင်းလုပ်ငန်းများ သို့မဟုတ် ရေတင်လုပ်ငန်းများ တည်ဆောက်ခြင်းမပြုမီ မြို့နယ်ကော်မတီသည် ခရိုင်ကော်မတီ၏ ခွင့်ပြုချက်ကိုရယူရမည်။

(ခ) အစိုးရအဖွဲ့မှ ပုဒ်မ ၇ ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ကြေညာထားသော မြစ်၊ ချောင်း၊ ရေကန် သို့မဟုတ် သဘာဝရေအိုင်တစ်ခုခု၏ အပိုင်းတို့တွင် ခရိုင် ကော်မတီ ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ မည်သူမျှဆည်ရေပေးခြင်း၊ ရေတင်၍ ရေပေးဝေခြင်း အလို့ငှာ မည်သည့် ရေလှောင်ဆည်၊ ရေလွှဲဆည်၊ တာတမံ၊ ရေတံခါး၊ ရေတင်စခန်း၊

မြောင်း သို့မဟုတ် အခြားလုပ်ငန်းတို့ကိုတည်ဆောက်ခြင်းမပြုရ။

၁၅။ မြို့နယ်ကော်မတီ သို့မဟုတ်၎င်းမှ တာဝန်ပေးအပ်ထားသူသည် တူးမြောင်းတစ်ခုခုနှင့် ကပ်လျက် သို့မဟုတ် အနီးအနား သို့မဟုတ် တူးမြောင်းဖြတ်သန်းသွားရန် ရည်ရွယ်သည့် မည်သည့်မြေထဲသို့မဆို ဝင်ရောက်၍ မြေကွက်၏အနိမ့်အမြင့်တိုင်းထွာခြင်း၊ မြေသားတွင်းတူးခြင်း၊ ဖောက်ခြင်း၊ သင့်လျော်သော မြေအမှတ်အသားအနိမ့်အမြင့်အမှတ်များ၊ ရေမှတ်များပြုလုပ်ခြင်းနှင့် မြို့နယ်ဦးစီးဌာနမှူး၏ အုပ်ချုပ်မှုအောက်ရှိ လက်ရှိ သို့မဟုတ် ရည်မှန်းထားသည့်တူးမြောင်းနှင့် စပ်လျဉ်း၍သင့်လျော်သော စုံစမ်းမှုပြုလုပ်ရန်၊ အခြားလိုအပ်သော အလုပ်များအပြင် ရေခွန် စည်းကြပ်သင့်သော မည်သည့်မြေ၊ အဆောက်အအုံ သို့မဟုတ် လယ်ကြားမြောင်းကိုမဆို စစ်ဆေး ရန် သို့မဟုတ် ပေးသွင်းသည့် ရေအသုံးပြုရာ၌ ထိန်းကွပ်ရန် သို့မဟုတ် ရေခွန်စည်းကြပ်သင့်သော ရေပေးသွင်းထားသည့်မြေကို တိုင်းတာခြင်းနှင့် ထိုမြောင်းအား သင့်လျော်သော ထိန်းကွပ်မှုရှိရန် လိုအပ်သမျှ ပြုလုပ်ခြင်းတို့အတွက် ဝင်ရောက်နိုင်သည်။

၁၆။ မည်သည့်မြေထဲသို့မဆို လယ်ကြားမြောင်းများ တည်ဆောက်နိုင်ခွင့်ကို ခရိုင်ကော်မတီ သို့မဟုတ် ဤကိစ္စအတွက် ခန့်အပ်ထားသောအရာရှိသည် အချိန်မရွေး တူးမြောင်းတစ်ခုတူး ဖော်နေစဉ် သို့မဟုတ် တူးပြီးနောက် ထိုတူးမြောင်းတည်ရှိရာ ပတ်ဝန်းကျင်သို့ဝင်ရောက်၍ လိုအပ်သည်ဟု ယူဆသော လယ်ကြားမြောင်းများကို တာအူကြောင်းပေးခြင်း၊ တည်ဆောက်ခြင်း ပြုလုပ်နိုင်သည်။

၁၇။ ပုဒ်မ ၁၅ သို့မဟုတ် ၁၆ အရ ဝင်ရောက်သည့်ကိစ္စတိုင်းတွင် အရာရှိ သို့မဟုတ် တာဝန် ပေးအပ်ထားသူဝင်ရောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးကို တင်ပြနိုင်သည်။ ယင်းသို့တင်ပြသော လျော်ကြေးပမာဏနှင့် စပ်လျဉ်း၍အငြင်းပွားလျှင် ထိုကိစ္စကို ခရိုင်ကော်မတီ ၏ဆုံးဖြတ်ချက်ကို ချက်ချင်းရယူရမည်။ ခရိုင်ကော်မတီ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေ ရမည်။ လယ်ကြားမြောင်းအတွက် ဆောင်ရွက်မည့် မြေ၏တစ်ဖက်တစ်ချက်တွင် ရှိမြေသည် ထိုလယ်ကြားမြောင်းမှ ရေရယူပိုင်ခွင့်ရှိ၍၎င်းမြေလုပ်ပိုင်ခွင့် ရှိသူအနေဖြင့် သစ်ပင်နှင့် သီးနှံ ပျက်စီးမှုလျော်ကြေးမှအပ အခြားလျော်ကြေး ခံစားခွင့်မရှိပါ။

၁၈။ မြို့နယ်ကော်မတီတစ်ဦးဦး သို့မဟုတ် တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်သည် ပုဒ်မ ၁၅ နှင့် ၁၆အရ ပေးအပ်ထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မည်သည့်အဆောက်အအုံ သို့မဟုတ် ပိတ်ထားသော ခြံဝင်း သို့မဟုတ် တူးမြောင်းတစ်ခုမှ စီးနေသောရေဖြင့် ပေးသွင်းမထားသော နေအိမ်နှင့် တွဲထားသည့် ဥယျာဉ်အတွင်းသို့ဝင်ရန် ရည်ရွယ်လျှင် ထိုအဆောက်အအုံ သို့မဟုတ် ခြံဝင်း သို့မဟုတ် ဥယျာဉ်ပိုင်ရှင်သို့ ယင်းသို့ပြုလုပ်ရန် ရည်ရွယ်သည့်အကြောင်းစာဖြင့် အနည်းဆုံး ခုနစ်ရက်ကြိုတင် အသိပေးရမည်။

၁၉။ ပုဒ်မ ၁၆ အရ တည်ဆောက်ထားသော လယ်ကြားမြောင်းများနှင့် ဥပဒေအာဏာမတည်မီ တည်ဆောက်ပြီး သို့မဟုတ် တည်ဆောက်ဆဲဖြစ်သော လယ်ကြားမြောင်းတို့၏ ကုန်ကျစရိတ်ကို ထိုလယ်ကြားမြောင်းများမှ ရေရယူသည့် တောင်သူများထံမှ ရေရယူမည့်ဧရိယာအချိုးနှင့် ခရိုင်ကော်မတီမှ သတ်မှတ်သည့် နည်းလမ်းအတိုင်း ကျခံရမည်။ ကုန်ကျစရိတ်ကို မပေးဆောင်သည့် တောင်သူထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၂၀။ ပုဒ်မ ၁၉ ပါ ကုန်ကျစရိတ်တွင် တည်ဆောက်ရေးအတွက် ကုန်ကျစရိတ်၊ လျော်ကြေး ပေးရမည့်ငွေ သို့မဟုတ် ပေးပြီးငွေအားလုံးအပြင် နိုင်ငံတော်အစိုးရက ဘဏ္ဍာရေးစည်းမျဉ်းများအရ ထုတ်ပြန်ထားသော အတိုးနှုန်းများနှင့် ကောက်ခံကြေးကုန်ကျစရိတ်များ ပါဝင်သည်။

၂၁။ ခရိုင်ကော်မတီက ထုတ်ပြန်ထားသော အမိန့်တစ်စုံတစ်ရာကို ကျေနပ်မှုမရှိပါက သက်ဆိုင်သည့် တိုင်းဒေသကြီးကော်မတီထံ ရက်(၃၀)အတွင်း အယူခံခွင့်ရှိသည်။ တိုင်းဒေသကြီးကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၂။ ပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော လယ်ကြားမြောင်းများကို ခရိုင်ကော်မတီ၏ သဘောတူညီချက်မရှိဘဲ ပြောင်းလွှဲခြင်းမပြုရ။

၂၃။ တူးမြောင်းတစ်ခု မတော်တဆပျက်စီးမှုဖြစ်နေလျှင်လည်းကောင်း၊ ဖြစ်လိမ့်မည်ဟု စိုးရိမ်ရလျှင်လည်းကောင်း၊ တူးမြောင်းတစ်ခု၏ ရေပေးဝေမှုအား ကြီးမားစွာထိခိုက်စေမှုကို တားဆီးရန်အတွက် လုပ်ငန်းသစ်တစ်ခု ချက်ချင်းအရေးတကြီး လိုအပ်နေသည့်ကိစ္စတွင်လည်းကောင်း၊ တူးမြောင်းတစ်ခုအား သင့်တင့်လျောက်ပတ်သော ထိန်းသိမ်းမှုအတွက်လည်းကောင်း ဆောင်ရွက်ရန်လိုအပ်ပါက ခရိုင်ကော်မတီ သို့မဟုတ် တာဝန်ပေးထားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ထိုတူးမြောင်းနှင့် ကပ်လျက် သို့မဟုတ် ပတ်ဝန်းကျင်တွင်ရှိသည့် မည်သည့်မြေပိုင်နက်အတွင်း ဝင်ရောက်၍ ပြုပြင်ရန်အလို့ငှာလည်းကောင်း၊ မတော်တဆပျက်စီးဆုံးရှုံးမှု တားဆီးရန်အတွက်လည်းကောင်း၊ အရေးပေါ်ကိစ္စအတွက်နှင့် ယင်းတူးမြောင်းတွင် သင့်လျော်သော ထိန်းသိမ်းရေးအတွက် လုပ်ငန်းသစ်တည်ဆောက်ရန်အတွက်လည်းကောင်း လိုအပ်သော လုပ်ငန်းအားလုံးကို ပြုလုပ်နိုင်သည်။

၂၄။ ပုဒ်မ ၂၃ ပါ ကိစ္စတိုင်း၌ မြို့နယ်ကော်မတီ သို့မဟုတ် တာဝန်ပေးအပ်ထားသောပုဂ္ဂိုလ်သည် ထိုတောင်သူလယ်သမားများ သို့မဟုတ် နေထိုင်သူများသို့ ပေးလျော်မည့်လျော်ကြေးကို အဆိုပြုရမည်။ ယင်းအဆိုပြုချက်ကို လက်မခံလျှင် မြို့နယ်ကော်မတီမှ ခရိုင်ကော်မတီထံသို့ လွှဲအပ်ရမည်။ ခရိုင်ကော်မတီမှ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၅။ တူးမြောင်းနှင့် ကပ်လျက်ရှိသော မြေကိုတူးရန်နှင့်တူးမြောင်းမှ မြေပုံရန်အတွက် မြေသိမ်းယူမှုကို ခရိုင်ကော်မတီ သို့မဟုတ် တာဝန်ပေးအပ်သူက ပြဋ္ဌာန်းထားသည့် နည်းဥပဒေဖြင့် သတ်မှတ်

သည့် တူးမြောင်းအကွာအဝေးမှ ပိုင်နက်မြေထဲသို့ ဝင်ရောက်နိုင်ပြီး တူးမြောင်းမှ တူးထားသည့် မြေကိုပုံခြင်း သို့မဟုတ် တူးမြောင်းပေါင်ပြင်ရန်အတွက် ယင်းမှမြေကို တူးနိုင်သည်။

၂၆။ ပုဒ်မ ၁၆ ပါ ကိစ္စများအတွက် လျော်ကြေးငွေကို ပုဒ်မ ၁၇ ပါ နည်းလမ်းအရ ပေးခြင်းပြုရမည်။ သို့ရာတွင် ထိုသို့တူးယူသည့်မြေသည် ယခင်တူးပြီးသောမြေနေရာပေါ်တွင် မဟုတ်လျှင် သို့မဟုတ် မြေနှင့်ဆက်စပ်လျက်ရှိသော အရာဝတ္ထုသို့မဟုတ် သီးနှံများကို ပျက်စီးစေမှု သို့မဟုတ် မြေကိုမတူးမီက ရည်ရွယ်ထားသည့်ကိစ္စအတွက် မသင့်လျော်ခြင်း သို့မဟုတ် သင့်လျော်မှု နည်းပါးစေခြင်း စသည်တို့မဟုတ်လျှင် တူးမြောင်းတစ်ခု၏ ပေါင်ပြုပြင်ရန် အနက်တစ်ပေထက် မပိုသောမြေကို တူးယူခြင်းအတွက် လျော်ကြေးပေးအပ်ရန် မလိုပါ။

၂၇။ တူးမြောင်းကိစ္စများအတွက် မြေကို ယာယီ သို့မဟုတ် အမြဲတမ်းအလိုရှိပါက လျော်ကြေး စည်းကြပ်ရသည့် မြို့နယ်ကော်မတီသည် ဤဥပဒေအရ ရရှိထားသော လုပ်ပိုင်ခွင့်များအပြင် တာဝန်ပေးအပ်ထားမှုနှင့် လျော်ကြေးရထိုက်သူ၏ သဘောတူညီချက်အရ တူးမြောင်း သို့မဟုတ် လယ်ကြားမြောင်းအတွက် အသုံးပြုသူ အခွင့်အရေးအလို့ငှာ လျော်ကြေးငွေပေးခြင်းနှင့် မြေနှင့် စပ်လျဉ်းသော အခွင့်အရေးအတွက် ထိုမြေအသုံးပြုရေးသည် လျှောက်ထားသူ၌ ဆက်လက်တည်ရှိ စေရမည်ဟု ညွှန်ကြားချက်ထုတ်ပြန်ရန်နှင့် လျော်ကြေးအစား သို့မဟုတ် လျော်ကြေး၏ တစ်စိတ် တစ်ဒေသအား လျှောက်ထားသူကို တူးမြောင်းမှရေရရှိရေး အခွင့်အရေးပေးရန် လုပ်ပိုင်ခွင့်ရှိသည်။

၂၈။ ပုဒ်မ ၂၇ အရ ပေးထားသောအမိန့် သို့မဟုတ် လျော်ကြေးငွေ၏ စည်းကမ်းချက်များအရ အကယ်၍ မြေအားတူးမြောင်းအလို့ငှာ အချိန်သုံးနှစ်ကျော်မျှ အသုံးပြုထားလျှင် မြေကို သက်ဆိုင်သူသည် ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေအရ လုံးဝသိမ်းယူရန် တောင်းဆိုနိုင်သည်။

၂၉။ တူးမြောင်းရေကို အသုံးပြုလိုသူသည် လယ်ကြားမြောင်းအား သက်ဆိုင်ရာမြို့နယ် ကော်မတီထံစာဖြင့်လျှောက်ထားရမည်။

၃၀။ လျှောက်လွှာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အနီးစပ်ဆုံး ခန့်မှန်းကုန်ကျစရိတ် သို့မဟုတ် လျှောက်ထားသူတို့က ထိုလုပ်ငန်းအတွက် ပေးရန်သဘောတူသော ကုန်ကျစရိတ်ပမာဏ သို့မဟုတ် သက်ဆိုင်ရာခရိုင်ကော်မတီက ဆုံးဖြတ်သော အမှန်ကုန်ကျစရိတ်ကိုပေးရန် ကတိပြု/မပြု နှင့် မည်သို့ပေးချေရမည်ကို ဖော်ပြရမည်။

၃၁။ ပုဒ်မ ၃၀ တွင် ဖော်ပြပါအချက်များနှင့် တင်ပြလာသော လျှောက်လွှာအား သက်ဆိုင်ရာ တိုင်းဒေသကြီးကော်မတီ၏ သဘောတူညီမှု ရယူပြီးလျှင် လျှောက်လွှာရှင်အားလုံး တစ်ဦးချင်းနှင့် အစုလိုက် ဆိုခဲ့သည့်လုပ်ငန်း၏ကုန်ကျငွေကို ဖော်ပြထားသည့်အတိုင်း သို့မဟုတ် လျှောက်လွှာရှင် များက အမှန်ကုန်ကျစရိတ်ပေးရန် ကတိပြုလျှင် ထိုကုန်ကျစရိတ်အတွက် ၎င်းတို့တွင် တာဝန်ရှိသည်။

၃၂။ ကျသင့်ငွေကို ပြန်လည်ကောက်ခံရာတွင် လျှောက်လွှာပါစည်းကမ်းချက်အရ ကုန်ကျငွေ တစ်စုံတစ်ရာအား သတ်မှတ်သည့်နေ့ရက် သို့မဟုတ် နေ့ရက်မတိုင်မီ မပေးသွင်းပါက ယင်းကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရတောင်းခံရမည်။

၃၃။ တူးမြောင်းတစ်ဖက်တစ်ချက်ရှိ မြေကို လုပ်ပိုင်ခွင့်ရရှိသူတို့က သင့်လျော်သော မြောင်းကူး များ စီမံမထားကြောင်းစာဖြင့် လက်မှတ်ရေးထိုး၍ ခရိုင်ကော်မတီထံ တင်ပြလာလျှင် ခရိုင် ကော်မတီမှ ကွင်းဆင်းစစ်ဆေး၍ လျော်ကန်သည်ဟုထင်မြင်ယူဆပါက တိုင်းဒေသကြီး ကော်မတီ ထံသို့ တင်ပြရမည်။ တိုင်းဒေသကြီးကော်မတီမှ ထိုကိစ္စနှင့်စပ်လျဉ်း၍ လိုအပ်သည့် အစီအမံများ သင့်လျော်သလိုလုပ်ဆောင်ရမည်။

၃၄။ ခရိုင်ကော်မတီက တစ်စုံတစ်ခုသောလယ်ကြားမြောင်းကို အသုံးပြုနေသူများအား သင့်လျော် သော တံတားများ၊ လမ်းကူးအောက်ပြွန်များ သို့မဟုတ် အခြားအများသုံးသည့် အဆောက်အအုံ များကို ထိုလယ်ကြားမြောင်း မတည်ဆောက်မီက အသုံးပြုထားသော အများသုံးသည့် လမ်း၊ တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းစသည်များကို ဖြတ်ကျော်ရာတွင် တည်ဆောက်ပေးရမည် သို့မဟုတ် ထိုအဆောက်အအုံများကို ပြုပြင်ပေးရမည်ဟု အကြောင်းကြားစာ ထုတ်ပေးရမည်။

၃၅။ ပုဒ်မ ၃၄ အရ အကြောင်းကြားစာထုတ်ပြန်ရာတွင် တည်ဆောက်မှု သို့မဟုတ် ပြုပြင်မှု လုပ်ငန်းတို့ ပြီးစီးရမည့် သင့်လျော်သော ကာလအပိုင်းအခြားကို သီးခြားဖော်ပြပေးရမည်။ ထို့ပြင် ယင်းအကြောင်းကြားစာရပြီးနောက် ပေးပို့ခြင်းခံရသူတို့က ဖော်ပြထားသော ကာလအပိုင်းအခြား အတွင်း တည်ဆောက်ခြင်း သို့မဟုတ် ပြုပြင်ခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်ကော်မတီ ညွှန်ကြားချက် အတိုင်းမပြုလုပ်ခဲ့လျှင် ထိုမြို့နယ်ကော်မတီက တိုင်းဒေသကြီးကော်မတီ၏ ကြိုတင် ခွင့်ပြုချက်ဖြင့် တည်ဆောက်ခြင်း သို့မဟုတ် ပြုပြင်ခြင်းတို့ကို ကိုယ်တိုင်ဆောင်ရွက်ရမည်။

၃၆။ ပုဒ်မ ၃၅ အရ မြို့နယ်ကော်မတီမှ ကိုယ်တိုင်ဆောင်ရွက်ခဲ့ပါက ကုန်ကျစရိတ်ကို ခရိုင် ကော်မတီမှကြေညာသည့်အတိုင်း သတ်မှတ်ကာလတွင် မပေးဆောင်ပါက ကုန်ကျငွေကို ထိုသူတို့ ထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ တောင်းခံရမည်။

၃၇။ လယ်ကြားမြောင်းထိန်းသိမ်းရေး သို့မဟုတ် တည်ဆောက်ရေးအတွက် ပူးတွဲတာဝန်ရှိသူ တစ်ဦးဦးသည် မိမိအတွက် ကျသင့်သည့် အချိုးကျငွေကို ပေးဆောင်ရန်ပျက်ကွက်ခဲ့သော် သို့မဟုတ် ငြင်းဆိုခဲ့သော်၊ ထိုသို့ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆိုခြင်းကြောင့် ထိခိုက်နစ်နာသူ တစ်စုံ တစ်ယောက်ထံမှ စာဖြင့်ရေး၍ တင်ပြသည့်လျှောက်လွှာရရှိလျှင် မြို့နယ်ကော်မတီသည် သက်ဆိုင် သူအားလုံးသို့ အကြောင်းကြားစာပေး၍ ယင်းအကြောင်းကြားစာပေးသည့်နေ့မှ ၁၅ ရက် ကုန်ဆုံး လျှင် ဤအမှုကိစ္စကို စစ်ဆေးမည့်အကြောင်းနှင့်ထိုရက်ကုန်ဆုံးလျှင် အမှုကို စုံစမ်းစစ်ဆေး၍ သင့်လျော်သောဆုံးဖြတ်ချက်ကို ချမှတ်ရမည်။

၃၈။ ပုဒ်မ ၃၇ အရ ချမှတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိလျှင် ခရိုင်ကော်မတီထံ ရက်ပေါင်း (၃၀) အတွင်းအယူခံနိုင်သည်။ ခရိုင်ကော်မတီ၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိလျှင် တိုင်းဒေသကြီး ကော်မတီထံ ရက်ပေါင်း(၆၀)အတွင်း အယူခံနိုင်သည်။ တိုင်းဒေသကြီးကော်မတီ၏ အဆုံးအဖြတ်သည် အတည်ဖြစ်စေရမည်။

၃၉။ မြို့နယ်ကော်မတီထံသို့ တူးမြောင်းတစ်ခုမှ ရေရယူလိုကြောင်း လျှောက်လွှာတင်ပြလာပါက ရေပေးဝေခြင်း အမှန်ပြုလုပ်ရန်လိုအပ်ပြီး လက်ရှိလယ်ကြားမြောင်းတစ်ခုခုမှ ဖြတ်၍ပေးရမည် ဖြစ်ပါလျှင် ထိုလယ်ကြားမြောင်းထိန်းသိမ်းမှု တာဝန်ရှိသူထံ (၁၄)ရက်ထက်မနည်းသော ရက်တစ်ရက်တွင် အဘယ်ကြောင့် ထိုသို့ရေမသွယ်ယူသင့်ကြောင်း အကြောင်းပြချက်ပေးရန် အကြောင်းကြားစာပေးရမည်။ ၎င်းနောက် သတ်မှတ်ရက်တွင် စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ ကော်မတီထံ ခွင့်ပြုချက်ရယူတင်ပြပြီး မြို့နယ်ကော်မတီမှ ရေပေးသွင်းမှုကို ယင်းမြောင်းမှတစ်ဆင့် သွယ်ယူမှုပြုသင့်/မသင့်နှင့် မည်သို့သောစည်းကမ်းချက်များ ထားသင့်သည်ကို ဆုံးဖြတ်ရမည်။

၄၀။ တူးမြောင်းမှရေကိုလယ်ကြားမြောင်းမှတစ်ဆင့် သွယ်ယူရန်ဆုံးဖြတ်ပြီး တိုင်းဒေသကြီးကော်မတီက ပြင်ဆင်ခြင်း သို့မဟုတ် အတည်ပြုခြင်း ဆောင်ရွက်ပြီးသောအခါ လယ်ကြားမြောင်းတူးဖော်ခြင်းသည် အတည်ဖြစ်သည်။

၄၁။ ရေသွယ်ယူရရှိရေးအတွက် လိုအပ်သော မူလလယ်ကြားမြောင်းအား ပြုပြင်ပြောင်းလွှဲရခြင်းကြောင့် ကုန်ကျစရိတ်ကို ခရိုင်ကော်မတီက သတ်မှတ်မည်ဖြစ်သော မူလလယ်ကြားမြောင်း ပထမကုန်ကျစရိတ်၏ အချိုးကျကို မပေးမချင်း အဆိုပါလျှောက်လွှာရှင်သည် ထိုလယ်ကြားမြောင်းကို သုံးစွဲခွင့် မရှိစေရ။

၄၂။ လယ်ကြားမြောင်းအသစ်တစ်ခု တည်ဆောက်လိုသူသည် သက်ဆိုင်ရာ မြို့နယ်ကော်မတီထံ အောက်ပါအချက်တို့ကို စာဖြင့်ရေးသားဖော်ပြလျက် လျှောက်လွှာတင်သွင်းရမည်-

(က) မိမိတည်ဆောက်လိုသောလယ်ကြားမြောင်းဖြတ်သန်းသွားလာရန် လိုအပ်သမျှ မြေအသုံးပြုခွင့်ကို သက်ဆိုင်ရာမြေလုပ်ပိုင်ခွင့်ရရှိသူများထံမှ ရယူရန်ကြိုးစားရာ အောင်မြင်မှုမရှိခြင်း၊

(ခ) မိမိအတွက် မိမိစရိတ်ဖြင့် ထိုမြေအသုံးပြုခွင့်ရယူခြင်းအလို့ငှာ မြို့နယ်ကော်မတီမှ လိုအပ်သမျှ ဆောင်ရွက်မှုပြုပေးရန် မိမိကလိုအပ်ပါကြောင်း၊

(ဂ) တင်ပြပါလယ်ကြားမြောင်းတည်ဆောက်ခြင်းနှင့်အသုံးပြုခွင့်ရယူရန်အတွက် ကုန်ကျမည့် စရိတ်ငွေအားလုံးကို ကျခံနိုင်ကြောင်း။

၄၃။ မြို့နယ်ကော်မတီသည် အောက်ပါတို့ကို လုပ်ဆောင်ရမည်-

(က) ထိုလယ်ကြားမြောင်းတည်ဆောက်ရေးသည် အသုံးဝင်လိုအပ်ကြောင်း မှတ်ချက်ပြု၍ ခရိုင်ကော်မတီသို့ တင်ပြခြင်း၊

(ခ) လျှောက်လွှာထဲရှိ ဖော်ပြချက်များသည် မှန်ကန်သည်ဟု ခရိုင်ကော်မတီ၏သဘော ရရှိပြီးလျှင် လျှောက်လွှာရှင်အားခေါ်ယူ၍ ရှေးဦးလုပ်ငန်းအစီအစဉ်များအတွက် ကုန်ကျငွေနှင့် ပုဒ်မ ၃၁ အရ ကျသင့်လာမည်ဟု ခန့်မှန်းရသော လျော်ကြေးငွေကိုပါ ပေးချေနိုင်ရန် ငွေပေးသွင်းစေခြင်း၊

(ဂ) ငွေပေးသွင်းပြီးစီးသောအခါ ထိုလယ်ကြားမြောင်းအတွက် အသင့်လျော်ဆုံး မြောင်း အူကြောင်းရွေးချယ်၍ ထိုမြောင်းတည်ဆောက်ရေးအတွက် အသုံးပြုရန် လိုအပ်မြေ ကို အမှတ်အသားပြုပြီး မြောင်းဖြတ်သန်းသွားရန် ရည်ရွယ်သည့် ရွာတိုင်းတွင် မြေပေါ်၌ မှတ်သားပြီးဖြစ်ကြောင်း အတိုင်းအတာများဖြင့် အကြောင်းကြားစာထုတ် ၍ ထိုအကြောင်းကြားစာ မိတ္တူကို သက်ဆိုင်ရာ ခရိုင်ကော်မတီထံသို့ ပေးပို့ရမည်။

၄၄။ မည်သူမဆို အသုံးပြုဆဲလယ်ကြားမြောင်းအား မိမိထံသို့လွှဲပြောင်းရယူလိုလျှင် ခရိုင် ကော်မတီထံ စာဖြင့်အောက်ပါအတိုင်းဖော်ပြ၍ လျှောက်ထားရမည် -

(က) ထိုလယ်ကြားမြောင်းပိုင်ရှင်ထံမှလွှဲပြောင်းရယူရန်အားထုတ်ခဲ့သော်လည်း အောင်မြင် မှု မရှိခဲ့ကြောင်း၊

(ခ) မိမိ၏ ကုန်ကျစရိတ်ဖြင့် မိမိ၏ကိုယ်စား ယင်းသို့ လွှဲပြောင်းပေးရေးအတွက် မြို့နယ် ဦးစီးမှူးက လိုအပ်သည်တို့ကို ဆောင်ရွက်ပေးရန်လိုလားကြောင်း၊

(ဂ) ထိုသို့ လွှဲပြောင်းမှုအတွက် ကုန်ကျစရိတ်ကို မိမိမှပေးချေနိုင်ပါကြောင်း။

၄၅။ ခရိုင်ကော်မတီက ထိုလယ်ကြားမြောင်းမှ ရေသွင်းစိုက်ပျိုးခြင်းဖြင့် ပိုမိုကောင်းမွန်သော စီမံမှုအတွက် အဆိုပါမြောင်းလွှဲပြောင်းခြင်းသည် လိုအပ်ကြောင်း၊ လျှောက်လွှာပါ အချက်အလက် များသည် မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိရပါက လျှောက်လွှာရှင်အား လိုအပ်သည့် ကုန်ကျစရိတ်ကို ပေးချေစေရန်နှင့် ပုဒ်မ ၁၁ အရ ကျသင့်လာမည်ဖြစ်သော လျော်ကြေးတစ်စုံတစ်ရာအတွက် ငွေကိုပေးသွင်းရန် အကြောင်းကြားပြီး ငွေပေးသွင်းပြီးလျှင် လျှောက်ထားကြောင်း ကြော်ငြာစာကို သက်ဆိုင်ရာကျေးရွာများတွင် ထုတ်ပြန်ပြီး မြို့နယ်ကော်မတီထံသို့ မိတ္တူပေးပို့ရမည်။

၄၆။ ပုဒ်မ ၄၃ သို့မဟုတ် ပုဒ်မ ၄၄ အရ ပုဒ်မ ၄၅ ဖြင့် ကြော်ငြာစာထုတ်ပြန်ပြီးနောက် ရက်ပေါင်း(၃၀) အတွင်း ထိုကြော်ငြာစာ ရည်ညွှန်းထားသော လယ်ကြားမြောင်း သို့မဟုတ် မြေနှင့် ပတ်သက်၍ မည်သူမဆို ခရိုင်ကော်မတီထံသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်သည်။

၄၇။ ခရိုင်ကော်မတီက လျှောက်လွှာကိုပယ်ခြင်း သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး စုံစမ်းစစ်ဆေးမည့်နေရာနှင့် အချိန်တို့ကို ကြိုတင်ကြော်ငြာစာပေးပြီး ကန့်ကွက်ချက်၏ခိုင်မာမှုကို စူးစမ်းရန်ဆက်လက်ဆောင်ရွက်နိုင်သည်။ ထိုသို့ ကန့်ကွက်ခြင်းရှိခဲ့သော်လည်း ခရိုင်ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပယ်ဖျက်ခဲ့လျှင် ခရိုင်ဦးစီးဌာနမှူးထံသို့ ဆောင်ရွက်ချက်ကို အသိပေးပြီး လျှောက်လွှာရှင်အား မှတ်သားသည့်မြေ သို့မဟုတ် လယ်ကြားမြောင်းလွှဲပြောင်းပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၄၈။ ကန့်ကွက်ချက်မရှိလျှင် သို့မဟုတ် ထိုသို့ကန့်ကွက်ခြင်းရှိခဲ့သော်လည်း ခရိုင်ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ပယ်ဖျက်ခဲ့လျှင် ခရိုင်ဦးစီးဌာနမှူးထံသို့ ဆောင်ရွက်ချက်ကိုအသိပေးပြီး လျှောက်လွှာရှင်အား မှတ်သားသည့်မြေ သို့မဟုတ် လယ်ကြားမြောင်းလွှဲပြောင်းပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၄၉။ ကန့်ကွက်ချက် ခိုင်လုံသည်ဟု ခရိုင်ကော်မတီမှ ယူဆလျှင် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံအကြောင်းကြားရမည်။ ထိုအရာရှိက သင့်လျော်ကြောင်း ယူဆပါက ပုဒ်မ ၄၂ အရ လျှောက်ထားသည့် ကိစ္စဖြစ်လျှင် မြေ၏နယ်နိမိတ်ပြောင်းလွဲသတ်မှတ်ပြီး ပုဒ်မ ၄၃ (ဂ) အရ ကြော်ငြာစာအသစ်ထုတ်ပေးရမည်။ ထို့နောက်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၀။ ခရိုင်ကော်မတီမှခွင့်ပြုထားသူအား သတ်မှတ်ထားသော မြေလျော်ကြေး သို့မဟုတ်လယ်ကြားမြောင်း လက်ရောက်ရပိုင်ခွင့် သို့မဟုတ် လွှဲပြောင်းခွင့်နှင့် မြေမှတ်သားသတ်မှတ်ခြင်းသို့မဟုတ် သိမ်းယူခြင်းနှင့်အတူ ရပိုင်ခွင့်တို့ကို ကျသင့်ငွေများပေးချေပြီးမှသာ လျှောက်လွှာရှင်မှထိုမြေ သို့မဟုတ် လယ်ကြားမြောင်းကို ရပိုင်ခွင့်ရရှိမည်။

၅၁။ လျော်ကြေးသတ်မှတ်ရာ၌ ခရိုင်ကော်မတီသည် တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်နိုင်သည်။ သို့သော် လျော်ကြေးရရှိမည့်သူက ကျေနပ်လက်ခံလျှင် ခရိုင်ကော်မတီသည် မြေအသုံးပြုခွင့် သို့မဟုတ် လယ်ကြားမြောင်းပိုင်ခွင့် သို့မဟုတ် ပြောင်းလဲခွင့်နှင့် ပတ်သက်၍ထိုလျော်ကြေးငွေကို ငှားရမ်းခအဖြစ် သတ်မှတ်ရမည်။

၅၂။ ပုဒ်မ ၅၀ ပါ လျော်ကြေးငွေနှင့် ကုန်ကျစရိတ်ကို ပေးအပ်ရမည့်သူက မပေးချေဘဲရှိခဲ့သော်ထိုငွေစုစုပေါင်းကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ပြန်လည်ကောက်ခံ၍ လျော်ကြေးရရှိမည့်သူကို ပေးအပ်ရမည်။

၅၃။ လယ်ကြားမြောင်းမြေရပိုင်ခွင့်ရှိရန် လျှောက်ထားသူသည် အောက်ပါစည်းကမ်းချက်များကိုလိုက်နာရမည် -

(က) လယ်ကြားမြောင်းသစ်မတူးဖော်မီ မူလရှိပြီးခဲ့သောလယ်ကြားမြောင်းများ၊ ထိုလယ်ကြားမြောင်း ဖြတ်သွားသောရေပိုနုတ်မြောင်းနှင့် အနီးနားတစ်ဝိုက်မြေများ သက်သာလွယ်ကူသော ဆက်သွယ်ကူးပြောင်းမှုဖြစ်စေရေးအတွက် လိုအပ်သော လုပ်ငန်းများကို လျှောက်လွှာရှင် သို့မဟုတ် အကျိုးတူကိုယ်စားလှယ်များက တည်ဆောက်ပြီး ပြုပြင်ထိန်းသိမ်းမှုကို မြို့နယ်ဦးစီးဌာနမှူး လက်ခံသည်အထိ ပြုလုပ်ရမည်၊

(ခ) လယ်ကြားမြောင်းအတွက် ရယူထားသောမြေကို လယ်ကြားမြောင်းအတွက်သာ အသုံးပြုရမည်၊

(ဂ) အဆိုပြုထားသော လယ်ကြားမြောင်းကို ပြီးစီးအောင်ဆောင်ရွက်ရမည်၊

(ဃ) မြေရယူခြင်း သို့မဟုတ် လယ်ကြားမြောင်းလွှဲပြောင်းခြင်းကို ငှားရမ်းခပေးခြင်း စနစ်ဖြင့် ဆောင်ရွက်ပါက ခရိုင်ကော်မတီက သတ်မှတ်ထားသော မူလငွေပမာဏကို ပေးဆောင်ရမည့်နေ့တွင် ပေးချေရမည်၊

(င) အထက်ပါစည်းကမ်းချက်တစ်ခုခုကို ချိုးဖောက်ခဲ့ပါက လယ်ကြားမြောင်းပိုင်ဆိုင်ခွင့် ရုပ်စဲပြီးလျှောက်လွှာရှင် သို့မဟုတ် အကျိုးတူကိုယ်စားလှယ်တို့မှ မြေကို မူလ အခြေအနေအတိုင်းဖြစ်အောင် ပြန်လည်လုပ်ဆောင်ပေးရမည်။ အကယ်၍ ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာရှိခဲ့ပါက ခရိုင်ကော်မတီက သတ်မှတ်သည့် လျော်ကြေးငွေကို သက်ဆိုင်သူအား ပေးရမည်။

(စ) ခရိုင်ကော်မတီက သတ်မှတ်ပေးထားသော ငှားရမ်းခ သို့မဟုတ် လျော်ကြေးကို လျှောက်လွှာရှင် သို့မဟုတ် အကျိုးတူကိုယ်စားလှယ်များမှ မပေးဆောင်လျှင် ကျသင့်ငွေအပေါ် နိုင်ငံတော်က သတ်မှတ်ထားသည့် အတိုးနှုန်းအတိုင်း တွက်ချက်၍ တိုးရင်းပေါင်းကို ပေးဆပ်ရမည်။

၅၄။ ရေထုတ်ပေါက်ချဲ့ခြင်း သို့မဟုတ် တမင်ပျက်စီးစေခြင်းအတွက် ပြန်လည်ပြင်ဆင်ရမည့် ကုန်ကျစရိတ်အား မြေခွန်မပေးကျန်ငွေဖြစ်ဘိသကဲ့သို့ လယ်ကြားမြောင်း သုံးခွင့်ရရှိသူများထံမှ ပြန်လည်ကောက်ခံ၍ ထိုကာလအတွင်း လယ်ကြားမြောင်းသို့ ရေပေးမှုကို ရပ်ဆိုင်းနိုင်သည်။

၅၅။ လယ်ကြားမြောင်း အများအပြားဘေးချင်းယှဉ်ကာ အလျားရှည်စွာ စီးဆင်းလျက်ရှိသည့် အပြင် နီးကပ်လွန်း၍ ပိုင်ရှင်များအဖို့ နုန်းစွန့်ရန်နေရာမရှိသဖြင့် အခက်အခဲရှိခြင်း သို့မဟုတ် ငွေကုန်ကြေးကျများခြင်းစသော ပြဿနာများဖြစ်ပေါ်ခြင်းကို ခရိုင်ကော်မတီထံလျှောက်ထားပါက တိုင်းဒေသကြီးကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူ၍ လယ်ကြားမြောင်းများကို ပူးတွဲခြင်း သို့မဟုတ် အစားထိုး ပြုလုပ်နိုင်သည်။ သို့သော် လယ်ကြားမြောင်းပိုင်ရှင်တို့ကို ရသင့်ရထိုက်သော ရေပမာဏ လျော့နည်းမသွားစေရန် ဂရုပြုဆောင်ရွက်ရမည်။

## အခန်း(၆)
## ရေပေးသွင်းခြင်း

၅၆။ တူးမြောင်းရေပေးဝေမှုကိစ္စတိုင်းတွင် အောက်ပါပြဋ္ဌာန်းချက်များ အကျုံးဝင်သည် -

(က) အစိုးရမှ ကြိုတင်ခွင့်ပြုချက်နှင့် လုပ်ငန်းဆောင်တာ တစ်စုံတစ်ခုလုပ်ဆောင်ရန် အတွက် ရေပေးဝေမှု ရပ်ဆိုင်းရန် လိုအပ်လာပါက ခရိုင်ကော်မတီသည် ရေပေးဝေမှု ကို ရပ်ဆိုင်းနိုင်သည်၊

(ခ) လယ်ကြားမြောင်းတစ်စုံတစ်ခုအား ပုံမှန်ပြုပြင်မှုမရှိသဖြင့် မြောင်းမှရေများ လေလွင့် လျှံထွက်မှု ကာကွယ်ရန်လိုအပ်လာပါက ခရိုင်ကော်မတီသည် ရေပေးသွင်းမှုကို ရပ်ဆိုင်းနိုင်သည်၊

(ဂ) ခရိုင်ကော်မတီမှ အခါအားလျော်စွာ ကန့်သတ်ပေးထားသော အချိန်ကာလတွင် ရေပေးသွင်းမှုကို ရပ်ဆိုင်းနိုင်သည်၊

(ဃ) တူးမြောင်းပြင်ဆင်ခြင်း၊ တူးမြောင်းအားဖြည့်ခြင်း၊ အပြောင်းအလဲပြုလုပ်ခြင်း သို့မဟုတ် ရေစီးရေလာသင့်တင့်အောင် ထိန်းသိမ်းပြုလုပ်ခြင်းလုပ်ငန်းရပ်များ သို့မဟုတ် လိုအပ်ချက်အရ အူကြောင်းထိန်းသိမ်းခြင်းတို့ကြောင့် တူးမြောင်းတွင်း ရေမလာ၍ ဖြစ်ပေါ်လာသောဆုံးရှုံးမှုတို့သည် ခရိုင်ကော်မတီတွင် တာဝန်မရှိစေရ၊

(င) တူးမြောင်းတစ်ခုမှရေကို သီးနှံတစ်သီးအတွက်သာ ပေးသွင်းလျှင် ထိုရေသုံးရန် ခွင့်ပြုချက်မှာ ထိုသီးနှံအောင်မြင်သည်အထိသာ ဆက်လက်တည်ရှိပါသည်။ သို့ရာတွင် နှစ်သီးသို့မဟုတ် ယင်းထက်ပို၍ ထိုမြေပေါ်တွင် အဆိုပါနှစ်၌ စိုက်ပျိုးရေ ပေးသွင်းပါက စတင်ရေပေးသွင်းချိန်မှ တစ်နှစ်လုံး ရေပေးသွင်းခွင့်ရှိသည်၊

(စ) တူးမြောင်းတစ်ခု၏ ရေ သို့မဟုတ် လုပ်ငန်းနှင့်အဆောက်အအုံ သို့မဟုတ် တူးမြောင်း တစ်စုံတစ်ခုနှင့်သက်ဆိုင်သည့်မြေကိုသုံးပိုင်ခွင့်ရှိသူသည် တိုင်းဒေသကြီးကော်မတီ ၏ ခွင့်ပြုချက်မရရှိဘဲ သူ၏အခွင့်အရေးကို ရောင်းချခြင်း၊ တစ်ဆင့်ငှားခြင်းနှင့် အခြားလွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရ။ မြေလုပ်ပိုင်ခွင့်ရှိသူထံမှ မြေကိုငှား၍ စိုက်ပျိုး ထွန်ယက်နေသည့်မြေသို့ ရေပေးသွင်းခြင်းအတွက်မူ မသက်ဆိုင်စေရ။

## အခန်း(၇)
## ရေခွန်နှုန်းများ

၅၇။ လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူတို့မှ ရေသွင်းစိုက်ပျိုးမှုအတွက် ရေခွန်စည်းကြပ်ရန်နှုန်းထားကို အစိုးရအဖွဲ့မှ ပြဋ္ဌာန်းထားသည့်အတိုင်း ပေးဆောင်ရမည်။

၅၈။ ဤဥပဒေအရ ပေးဆောင်ရမည့် ရေခွန်ငွေကို ရေခွန်စည်းကြပ်မှုအဖွဲ့များမှ သတ်မှတ်ထားသောနှုန်းထားများအတိုင်း စည်းကြပ်ကောက်ခံရမည်။

၅၉။ ဤဥပဒေအရ ပေးဆောင်ရမည့် ကျသင့်ငွေကို သတ်မှတ်ထားသည့်နေ့ရက်တွင် မပေးသွင်းဘဲ ကျန်ရှိနေပါက ထိုကျန်ငွေကို တာဝန်ရှိသူထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ပြန်လည်ကောက်ခံရမည်။

၆၀။ တူးမြောင်းတစ်ခုခုမှ ရေကို ခွင့်ပြုမိန့်မရရှိဘဲ ရယူထားသော ထိုရေစီးဆင်းသည့် မြေပေါ်ရှိနေထိုင်သူအား ထိုသို့တူးမြောင်းရေကို အသုံးပြုသည့်အတွက် ကျသင့်ရေခွန်ငွေကို စည်းကြပ်ကောက်ခံရမည်။

၆၁။ လယ်ကြားမြောင်းတစ်ခုမှ ရေကိုခွင့်မပြုနိုင်သောနည်းဖြင့် အသုံးပြုခဲ့ပြီး အကျိုးအမြတ်ရရှိခဲ့လျှင် ထိုရေဖြတ်စီးသော မြေပေါ်၌နေသူ သို့မဟုတ် ကျခံထိုက်သူအားလုံးပူးတွဲ၍ ရေခွန်ကိုကျခံပေးသွင်းရမည်။

၆၂။ လယ်ကြားမြောင်းတစ်ခုမှ ဖြတ်၍ပေးသောရေကို လေလွင့်စွာစီးဆင်းခဲ့လျှင် ထိုလယ်ကြားမြောင်းမှ ပေးသောရေအတွက် ကျခံထိုက်သူများကို ကျသင့်သော ရေလေလွင့်မှုစရိတ်အား ကျခံပေးသွင်းစေရမည်။

၆၃။ ရေကိုအခွင့်မဲ့သုံးစွဲမှုနှင့် ရေဖြုန်းတီးလေလွင့်မှုတို့အတွက် ကျခံရသောစရိတ်များအပြင် ပုံမှန်ကောက်ခံသော ရေခွန်ကိုလည်း စည်းကြပ်ကောက်ခံရမည်။

## အခန်း(၈)

## ကျေးရွာတူးမြောင်းနှင့် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ

၆၄။ ကျေးရွာတူးမြောင်း သို့မဟုတ် ကျေးရွာရေနုတ်မြောင်းနှင့် ပတ်သက်၍ ထိုကျေးရွာတူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းတို့သည် ယခင်က နိုင်ငံတော်မှ ထိန်းသိမ်းသည်ဖြစ်စေ မထိန်းသိမ်းခဲ့သည်ဖြစ်စေ ခရိုင်ကော်မတီက စိစစ်၍ အောက်ပါအတိုင်း မှတ်တမ်းတင်ရမည် -

(က) တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်းနှင့် အားလုံးသောတာတမံများ၊ မြောင်းများ၊ ရေလွှဲများ၊ ရေတံခါးများနှင့်၎င်းတို့ကို အထောက်အကူပြုသော အခြားလုပ်ငန်းများ၊

(ခ) တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်းတို့မှ အကျိုးပြုစေသောမြေများ၊

(ဂ) တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်းတို့မှ အကျိုးပြုနိုင်သော မြေများပေါ်တွင် စည်းကြပ်ကောက်ခံနိုင်သော ရေခွန်ရှိ/မရှိ၊

(ဃ) တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်းနှင့် အားလုံးသောတာတမံများ၊ မြောင်းများ၊ ရေလွှဲများ၊ ရေတံခါးများနှင့် အခြားအထောက်အကူပြုလုပ်ငန်းတို့အတွက် အပြည့်အဝထိန်းသိမ်းရေးနှင့် ပြုပြင်ရေးအလို့ငှာ ငွေကြေးရန်ပုံငွေ စုဆောင်းထူထောင်ရေးဆောင်ရွက်သည့် နည်းလမ်းများ၊ ထို့အပြင် ယင်းရန်ပုံငွေထည့်ဝင်ရန် တစ်ဦးချင်း သို့မဟုတ် ပူးတွဲလျက် တာဝန်ရှိသည့် လူပုဂ္ဂိုလ်များ၊ ကျေးရွာများ၊

(င) လုပ်သားရှာပေးခြင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်းတို့အတွက် ထိန်းသိမ်းရေး၊ ပြုပြင်ရေး တို့နှင့်စပ်လျဉ်းသည့် တစ်စုံတစ်ရာလုပ်ငန်းဆောင်ရွက်ပေးခြင်း သို့မဟုတ် တူးမြောင်းတွင် လိုအပ်သောနုန်းဖော်ရန်အတွက် အပြည့်အဝအလုပ်လုပ်ရန် တစ်ဦးချင်း သို့မဟုတ် ပူးတွဲ လျက်တာဝန်ထမ်းဆောင်သည့်လူများနှင့် ရွာများ။

၆၅။ အစိုးရအဖွဲ့သည် အများပြည်သူအကျိုးငှာလိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ကျေးရွာတူးမြောင်းများ သို့မဟုတ် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းတို့၏ ထိန်းသိမ်းမှုကို တစ်စိတ်တစ်ဒေသ သို့မဟုတ် အားလုံးပြုလုပ်မည်ဖြစ်ရာ ထိုတူးမြောင်း သို့မဟုတ် လုပ်ငန်းကြောင့် အကျိုးခံစားခွင့်ရနိုင်သည့် အားလုံးသောမြေများအပေါ်တွင် ရေခွန်စည်းကြပ်ကောက်ခံခွင့်ရှိသည်။

၆၆။ ဝတ္ထုပစ္စည်းနှင့် လုပ်အားခပေးရမည့်ငွေများကို ဥပဒေများနှင့်အညီ ပေးဆောင်ရမည်ဖြစ်သော ကျေးရွာတူးမြောင်းများ သို့မဟုတ် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းတို့၏ အထူးပြင်ဆင်ခြင်းလုပ်ငန်းရန်ပုံငွေအတွက် ထည့်ဝင်ရမည့်ငွေများ ပေးသွင်းရမည့်ကိစ္စရပ်ကို တိုင်းဒေသကြီးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်းမပြုစေရ။

## အခန်း(၉)

## ရေနုတ်မြောင်း

၆၇။ မည်သည့်မြစ်ချောင်း၊ ရေနုတ်မြောင်း တစ်စုံတစ်ရာကိုမဆို တားဆီးပိတ်ဆို့ထားခြင်းကြောင့် အများပြည်သူသက်သာလွယ်ကူမှု သို့မဟုတ် အများပြည်သူ၏ကျန်းမာရေး သို့မဟုတ် အများပြည်သူ၏ မြေများအကျိုးပျက်စီးမှုများ ဖြစ်ပေါ်လာစေလျှင် သို့မဟုတ် ဖြစ်ပေါ်လာနိုင်ပါက အစိုးရအဖွဲ့သည် ကြေညာချက်ဖြင့် ထိုမြစ်ချောင်း သို့မဟုတ် ရေနုတ်မြောင်း၏ မည်၍မည်မျှကို ကြေညာချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း ရေနုတ်မြောင်းလုပ်ငန်းဟု ဖွင့်ဆိုနိုင်သည်။

၆၈။ ဥပဒေပုဒ်မ ၆၇ အရ အစိုးရအဖွဲ့က ကြေညာချက်ထုတ်ပြန်ပြီးနောက် ခရိုင်ကော်မတီ သို့မဟုတ် ဤကိစ္စအတွက် တာဝန်ပေးအပ်ထားခြင်းခံရသူက အောက်ပါကြေညာချက်တို့ကို ထုတ်ပြန်နိုင်သည် -

(က) ကြေညာစာတွင် ဖော်ပြထားသည့် အချိန်ကာလအတွင်း ရေနုတ်မြောင်း လုပ်ငန်းအတွင်းရှိ အတားအဆီးများကို ဖယ်ရှားရန်ညွှန်ကြားခြင်း၊

(ခ) ကြေညာစာတွင်ဖော်ပြထားသည့် အချိန်ကာလအတွင်းနှင့် ဆောင်ရွက်ရန် နည်းစနစ်အတိုင်း ရေနုတ်မြောင်းလုပ်ငန်းအတွင်းရှိ အတားအဆီးကို ပြုပြင်ရန် ညွှန်ကြားခြင်း၊

(ဂ) ၎င်းစာဖြင့် ရေးသားထားသော သဘောတူညီချက်မရရှိဘဲ ရေနုတ်မြောင်း လုပ်ငန်းတွင် အတား အဆီးပိတ်၍ဆောက်ခြင်းကို တားမြစ်ခြင်း။

၆၉။ ထုတ်ပြန်သောကြေညာစာတို့တွင် ကာလကို အချိန်အကန့်အသတ်မရှိ၊ အချိန်ပိုင်းကာလ သို့မဟုတ် သီးသန့်အချိန် သို့မဟုတ် နှစ်စဉ်သီးသန့်အချိန်စသည်ဖြင့် မည်သည့်ကာလအတွက် ဖြစ်သည်ဟု ဖော်ပြရမည်။

၇၀။ ပုဒ်မ ၆၉ အရ ညွှန်ကြားခြင်းခံရသူသည် ဖော်ပြထားသည့် အချိန်ပိုင်းအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့သော် ကြေညာစာထုတ်ပြန်သူကိုယ်တိုင်အတားအဆီးကို ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်းကို ပြုနိုင်၍ ထိုသို့ဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်ကို ညွှန်ကြားခံရသူထံမှ တောင်းဆိုနိုင်သည်။ အကယ်၍ မပေးခဲ့သော် ထိုသူနှင့် ထိုသူ၏အကျိုးတူခံစားခွင့်ရှိသူ ကိုယ်စားလှယ်ထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ပြန်လည်ကောက်ခံရမည်။

## အခန်း(၁၀)

## တူးမြောင်းနှင့် ရေနုတ်မြောင်းလုပ်ငန်းတို့အတွက် အရေးပေါ်လုပ်အားရရှိရေး

၇၁။ ခရိုင်တစ်ခုအတွင်း တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်းတစ်ခုကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် စီမံထားခြင်းကို အစိုးရအဖွဲ့မှ ပြုလုပ်ခဲ့လျှင် ခရိုင်ကော်မတီအား အောက်ပါအတိုင်း ညွှန်ကြားနိုင်သည် -

(က) ထိုတူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်းဖြင့် အကျိုးအမြတ် ဖြစ်စေသော လယ်ယာမြေများကို ပိုင်ဆိုင်သည့် ကျေးရွာများ သို့မဟုတ် ရေကြောင်း သွားလာရေး တူးမြောင်းဖြစ်ပါက ၎င်းပတ်ဝန်းကျင် အနီးအနားရှိ ကျေးရွာများကို သေချာစွာ မှတ်သားခြင်း၊

(ခ) ဒေသအလိုက် ဓလေ့ထုံးတမ်းတို့ကို အလေးထားဂရုပြု၍ နောင်တွင်တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်းအတွက် လုပ်အားရယူရန် အရေးပေါ်လိုအပ်လာပါက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ စီစဉ်ရန် စာရင်းပြုစုခြင်း။

၇၂။ လုပ်ငန်းအချို့ကို ချက်ချင်းဆောင်ရွက်ခြင်းမပြုလျှင် တူးမြောင်းတစ်စုံတစ်ခု သို့မဟုတ် ရေနုတ်မြောင်း လုပ်ငန်းတစ်စုံတစ်ခုအား ကြီးမားသောပျက်စီးမှုဖြစ်စေပြီး၊ အများပြည်သူအား

ကြီးမားသောထိခိုက်မှု ရတ်တရက်ဖြစ်စေနိုင်သည်ဟုယူဆပြီး ကာကွယ်ရန်အတွက်လိုအပ်သော လုပ်အားနှင့် ပစ္စည်းများကို ပုံမှန်အတိုင်း အချိန်မှီမရနိုင်ပါလျှင် ခရိုင်ကော်မတီက အောက်ပါအတိုင်းညွှန်ကြားနိုင်သည် -

(က) ပုဒ်မ ၇၁ ပါ ပြုစုထားသော စာရင်းပါကျေးရွာအုပ်စု၏ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် လိုအပ်သော အလုပ်သမားဦးရေကို စီစဉ်ပေး၍ မြို့နယ် ကော်မတီ သို့မဟုတ် တာဝန်ပေးအပ်ခံရသူ၏ညွှန်ကြားသည့်အတိုင်း လုပ်ငန်း ဆောင်ရွက်စေခြင်း၊

(ခ) မြို့နယ်ကော်မတီ သို့မဟုတ် ဤကိစ္စအတွက် ကိုယ်စားလှယ်လွှဲအပ်ထားသူသည် ထိုတူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းလုပ်ငန်းပတ်ဝန်းကျင်ရှိ မရွေ့ပြောင်း နိုင်သော ပိုင်နက်ပေါ်သို့ ဝင်ရောက်၍ ပိုင်နက်ထဲတွင် ပေါက်ရောက်လျက်ရှိသော သစ်ပင် သို့မဟုတ် ဝါးပင်များ၊ သစ်သား တစ်စုံတစ်ရာများ၊ ကြိုးများ၊ ဖျာများ သို့မဟုတ် လုပ်ငန်းသုံးအခြားပစ္စည်းများကို လုပ်ငန်းအတွက် ရယူအသုံးပြုခြင်း သို့မဟုတ် ဖယ်ရှားခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၇၃။ ပုဒ်မ ၇၁ အရ လုပ်ငန်းဆောင်ရွက်ပေးရသော အလုပ်သမားများ လုပ်ငန်းဆောင်ရွက်ရန် အလို့ငှာ ခေါ်ယူ၍ ဆိုင်းငံ့ထားရသော အလုပ်သမားများအတွက် လုပ်အားခများ၊ ရယူအသုံးပြုခဲ့သော ပစ္စည်းတန်ဖိုးတို့ကို ထိုအချိန်တွင် အနီးပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေသော အမြင့်ဆုံးနှုန်းထားထက် မနိမ့်ကျသောနှုန်းဖြင့် ခရိုင်ကော်မတီ ဆုံးဖြတ်ချက်အရ မြို့နယ်ဦးစီးဌာနမှူးက ပေးချေရမည်။

၇၄။ ပုဒ်မ ၇၃ အရ ပေးချေရမည့်ငွေကြေးနှင့် စပ်လျဉ်းသည့် အငြင်းပွားမှု တစ်စုံတစ်ရာရှိလျှင် မကျေနပ်သူက တိုင်းဒေသကြီးကော်မတီထံသို့ တင်ပြနိုင်ပြီး တိုင်းဒေသကြီးကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်။

၇၅။ လယ်ကြားမြောင်းများ တည်ဆောက်ရေးတွင်လည်း ဤအခန်းတွင် ဖော်ပြပါရှိသော ဥပဒေပုဒ်မများအတိုင်း လိုက်နာဆောင်ရွက်ရမည်။ သို့သော် နှစ်စဉ် နုန်းဖော်ခြင်း သို့မဟုတ် ထိရောက်စွာ အလုပ်လုပ်ရေးအတွက် လိုအပ်သောလုပ်ငန်းတစ်စုံတစ်ရာကို လယ်ကြားမြောင်းတွင် ပြုလုပ်ပါက လယ်ကြားမြောင်းမှ ရေရယူနေသော ကျေးရွာများမှ ဆောင်ရွက်ပေးရသော လုပ်အား သို့မဟုတ် ပစ္စည်းများအတွက် အခကြေးငွေပေးရန်မလိုပါ။

## အခန်း (၁၁)

## တားမြစ်ချက်များ

၇၆။ မည်သူမျှ မိမိသဘောအရ တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းကို ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊ ချဲ့ထွင်ခြင်းမပြုရ။

၇၇။ မည်သူမျှတူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းတစ်ခုမှ ရေကို နှောင့်ယှက်စွက်ဖက်ခြင်း၊ များပြားခြင်း၊ လျော့နည်းစေခြင်း မပြုရ။

၇၈။ မည်သူမျှ တူးမြောင်းတစ်ခု သို့မဟုတ် ရေနုတ်မြောင်းတစ်ခုကို အန္တရာယ်ဖြစ်စေရန်၊ ပျက်စီးစေရန် သို့မဟုတ် အသုံးဝင်မှုကို လျော့ကျစေရန် ကြံရွယ်၍ မြစ်သို့မဟုတ် ချောင်းတစ်ခု အတွင်း၌ စီးဆင်းလျက် ရှိသောရေကို နှောင့်ယှက်စွက်ဖက်ခြင်း သို့မဟုတ် ပြောင်းလဲစီးဆင်းစေခြင်း မပြုရ။

၇၉။ မည်သူမျှ အသုံးပြုလျက်ရှိသော တူးမြောင်းတစ်ခုခုကို အသုံးဝင်မှုလျော့ကျစေရန် သို့မဟုတ် တူးမြောင်းရေကို ညစ်ညမ်းစေခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ။

၈၀။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းပေါင်နှင့် နယ်နိမိတ်အတွင်းဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်းမပြုရ။

၈၁။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းပေါင်နှင့် နယ်နိမိတ်အတွင်း သီးနှံ စိုက်ပျိုးခြင်း၊ အခြားနည်းအသုံးပြုခြင်းများ မပြုရ။

၈၂။ မည်သူမျှခွင့်ပြုချက် မရဘဲ တူးမြောင်းတွင်းသို့ ရေယာဉ်များဝင်ရောက်ခြင်း၊ ရေကြောင်းသွားလာမှု ပြုခြင်းနှင့် ဆိုက်ကပ်ခြင်းတို့ကိုမပြုရ။

၈၃။ မည်သည့်တူးမြောင်းတွင်မဆို ခွင့်ပြုမိန့်အရ ရေယာဉ်သွားလာခိုက်တွင် တူးမြောင်းနှင့် တူးမြောင်းအတွင်းရှိ ရေယာဉ်များ၏ ဘေးအန္တရာယ်ကင်းရေးအတွက် သင့်လျော်သောကြိုတင်ကာကွယ်မှုများကို လျစ်လျူရှုခြင်း မပြုရ။

၈၄။ မည်သူမျှတူးမြောင်းနယ်နိမိတ် အတွင်းတွင် ကျွဲ၊ နွား၊ တိရစ္ဆာန်တို့ကို လွှတ်ကျောင်းခြင်း သို့မဟုတ်မြက်၊ သစ်ပင်တို့ကို စားစေခြင်း မပြုရ။

၈၅။ မည်သူမျှတူးမြောင်းနယ်နိမိတ် အတွင်း ကျွဲ၊ နွား၊ တိရစ္ဆာန်နှင့် လှည်း၊ ယာဉ် စသည်တို့ကို ဖြတ်ကျော်ခြင်း မပြုရ။

၈၆။ မည်သူမျှ ဌာနမှ စိုက်ထူထားသော ရေပြင်အနိမ့်အမြင့်ပြ မှတ်တိုင် သို့မဟုတ် ရေမှတ်တိုင်တို့အားဖျက်ဆီးခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း မပြုရ။

၈၇။ မည်သူမျှ လယ်ကြားမြောင်းတစ်ခုကို သုံးစွဲနေပါလျက် သို့မဟုတ် ထိန်းသိမ်းရန် တာဝန်ရှိပါလျက် ရေကို တရားမဲ့သုံးစွဲခြင်း သို့မဟုတ် အလဟသ ဖြစ်စေခြင်း မပြုရ။

## အခန်း(၁၂)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈၈။ မည်သူမဆို ပုဒ်မ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆ နှင့် ၈၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်နှစ်သောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ (၁) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၉။ မည်သူမဆို ပုဒ်မ ၈၀ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူအား ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ (၁) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၉၀။ ပုဒ်မ ၈၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ဆက်လက်ကျူးလွန်ပါက တည်ဆောက် ထားသောအဆောက်အအုံကို ဖျက်သိမ်းစေရမည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပျက်ကွက်သည့် ရက်အသီးသီးအတွက်တစ်ရက်လျှင်အနည်းဆုံးကျပ်တစ်သောင်းမှ ကျပ်နှစ်သောင်းအထိ ငွေဒဏ် ချမှတ်ခြင်းခံရမည်။

၉၁။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန်အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း(၁၃)

## အထွေထွေ

၉၂။ ဤဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့အရ တရားစွဲဆိုသော ပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူ ပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ်သည်။

၉၃။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**